မချုပ်လား။ အကျိုးတရား သိတော့ ဒိဋ္ဌိပြုတ်တယ်။ အကြောင်းတရား သိတော့ ဝိစိကိစ္ဆာချုပ်တယ်။ အကြောင်း အကျိုးသိတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ မချုပ်ဘူးလား။ အသိနဲ့ပြုတ်ရင် စူဋသောတာပန်ပေါ့။ အပွားနဲ့ အပယ်နဲ့ပြုတ်ရင် မဟာသောတာပန်လို့ မပြောလား။ အဲလို လေ့လာဖို့ လိုတယ်ကွဲ့နော်။ အဲဒါ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်ဗျာ့။ စဉ်းစား။

<u>ချစ်မုန်းမပါ လင်ကွာ မယားကွာ။</u>

ဒါမို့ မြင်တာကို သညာဖုံးတယ်။ သညာကို သက်ာရှင်းမှ သက်ာကင်းမယ်။ မြင်တာက အဆင်း ဓာတ်ကို မြင်တာ။ သညာက မင်းသမီး သညာက မင်းသား။ စဉ်းစားဖို့ မကောင်းလား။ ကဲ သူ့ကို မြင်ရတာ ရေစက်နီးတယ်လို့ မပြောကြဘူးလား။ သူ့ကို မြင်ရတာ မြင်ပြင်းကတ်တယ်လို့ မလာဘူး လား။ အဲဒါ မြင်ပြင်းကတ်တာရယ် ရေစက်နီးတာရယ် စဉ်းစား။ အဲဒါ အမြင်ခံ အဆင်း ရူပက္ခန္ဓာက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ချောင်းထဲမြစ်ထဲမှာရှိတဲ့ ရေမြှုပ်ကြီးကဲ့သို့ ဥပမာပေးလို့ မပြောဘူးလား။ ရေမြှုပ်ကဲ့သို့မြင်မယ် သိမယ်ဆိုရင် ချစ်စရာ တွေ့ရဲ့လား။ မုန်းစရာကား တွေ့ရဲ့ လား။ မတွေ့ဘူးကွဲ့နော်။ အဲလို လေ့လာဖို့ မကောင်းလား။ ဒါတော့ သူ့ကို ရေစက်နီး တာဟာ အဆင်း ရူပက္ခန္ဓာမှာ ဖြစ်တာလား မင်းသမီးကို မြင်လို့ဖြစ်တာလား။ မင်းသမီးမြင်လို့ဖြစ်တာ။ အဆင်း ရူပက္ခန္ဓာ မြင်တဲ့အခါ မင်းသမီးတွေ့သေးရဲ့လား။ သူ့ကိုမြင်ရတာ မြင်ပြင်းကတ်တယ် ဒီလိုကား မလာဘူးလား။ အဲဒါ အဆင်းရူပက္ခန္ဓာမှာ ဖြစ်တာလား မင်းသမီး၊ မင်းသားမှာ ဖြစ်တာ လား။ ဟော သူ့မြင်ရတာ သဘောမကျဘူးပေါ့။ သဘော မကျဘူး စဉ်းစားဖို့ မကောင်းလား ။ အဲ ဒေါမနဿပေါ့။ သဘောကျတာ သောမနဿပေါ့။ စဉ်းစားဖို့ မကောင်းလား။ အဲဒါမို့ အဆင်း ရူပက္ခန္ဓာကို စဉ်းစားဖို့မကောင်းလား။ ဘယ်လိုတွေ စဉ်းစားရမှာလဲ။ စဉ်းစား။

အမျိုးသမီးလေးနဲ့ အမျိုးသားလေးနဲ့ ဘဝရေစက်ဆုံတော့ အကြင်လင်မယား ဖြစ်ပြီးတော့ လင်မယား ရသွားတယ်။ ငါးနှစ်လောက် ပေါင်းသင်းဆက်ဆံတဲ့အခါ သားသမီး တစ်ယောက်မှ မရဘူး။ ငါးနှစ်ကကျော် ခြောက်နှစ်ကြာတော့ သားလေး တစ်ယောက် မွေးတယ်။ သားလေး တစ်ယောက် မွေးလာတော့ လင်မယား နှစ်ယောက် ကြောင်လေး အဝတ်စုတ်ရသလို ဝမ်းမြောက် ဝမ်းသာဖြစ်တာပေါ့။ မဖြစ်ဘူးလား။ အဲတော့ မိခင်ကြီး ဟိုတုန်းက လင်မယားနှစ်ယောက် သားသမီး မရှိခင်က နှစ်ယောက်ရဲ့လုပ်အားဆိုတော့ ငွေတွေမစုနိုင်ဘူးလား။ ပိုလျှံတယ်တဲ့။ အလုပ်က လည်း လင်မယားက ကောင်း။ နောက်တော့ ကလေးမွေးတဲ့အခါ အလုပ်က စီးပွားရေး ရှာနိုင်ရဲ့လား။ တစ်ယောက် လျော့သွားပြီနော်။ အစက အလုပ်က နှစ်ယောက်လုပ်တာ။ တစ်ယောက် လျော့သွားပြီ။ အစားက တစ်ယောက်တိုးလာပြီ။ နောင်နှစ်ကျတော့ နှစ်သား၊

26.5.2005,(8:00am)14

နောင်နှစ်ကျတော့ နှစ်သား၊ ငါးနှစ်စေ့တဲ့ အခါ သားသမီးငါးယောက် ရလာတယ်။ ကဲ စီးပွားရေး လုပ်နိုင်ရဲ့လား။ သူ့အလုပ်က ကလေးထိန်းအလုပ် ကလေးမွေး အလုပ်။ ကဲ စားအိုးက ငါးယောက်က တိုးလာပြီ။ တိုးလာတော့ ဟိုတုန်းက ရတဲ့ရွှေလေးငွေလေးတွေ။ ရွှေလေးတွေ ဝတ်ထား မိမိက လုပ်အားက မနိုင်။ ရွှေလေးတွေ ဖြုတ်ရတော့တာ။ ဖြုတ်တော့ ကြာတော့ စားဝတ်နေရေးက မပြေလည်။ လင်မယားက ဗျစ်တောက် ဗျစ်တောက်နဲ့ ရန်ဖြစ်ကြတော့တာ။ စဉ်းစားတယ်။ ယောက်ျားက အင်း ဥစ္စာဖြိုစားဖိုက ဥစ္စာဖြိုစားဖိုက ။အဲလိုဆိုတော့ မိန်းမကလည်း ခံပြင်းပြီ။ အစ်ကိုရယ်ဖျင်းလို့ အရှေ့အိမ်က ကိုအောင်မြတို့ကြည့် စားအိုး ဆယ့်နှစ်ယောက်။သူတို့ စားတာ လုပ်တာ ဘယ်လိုလဲ။ အစ်ကိုဖျင်းတယ် ဆိုတော့ကာ သဘောကျရဲ့လား။ရန်တွေ့တော့ လင်မယားကွာတော့တာပေါ့။ လင်မယားကွာပြီ။

နှစ်လသုံးလလောက် ကြာသွားပြီ။ ကွာတယ်ဆိုတာ ချစ်လို့လား မုန်းလို့လား။ မုန်းလို့။ သုံးလ လောက် ကြာတော့ မိန်းမဘက်က ဆွေမျိုး၊ယောက်ျားဘက်ကဆွေမျိုး၊ပတ်ဝန်းကျင် အနီးအနား တွေက ကဲ ငါတို့ပြန်စေ့စပ် ကြအောင်ကွာ။ ရေလည်အောင် မပြောရဘူးလား။ မင်းတို့ လင်မယား ရန်ဖြစ်တာ ဘယ်နှစ်ကြိမ်ရှိပြီလဲ မမေးရဘူးလား။ အခုတကြိမ် ငါတို့မှာ လေးကြိမ်ရှိပြီ အခုမှ နေသားကျတာကွဲ့။ ငါတို့ လေးကြိမ်ရှိသွားပြီ။ တစ်ကြိမ်တစ်ခါတော့ သည်းခံဦးမှပေါ့။ မပြောရ ဘူးလား။ နင်က သည်းခံဦးမှပေါ့။ စဉ်းစား။ အဲလို လေ့လာဖို့မကောင်းလား။ မင်းတို့ ထမင်းစားတဲ့ အခါ တစ်ခါ တစ်ခါ လျှာနဲ့သွား မကိုက်မိဘူးလားလို့ မမေးရဘူး လား။ ကိုက်မိတယ်လို့ အဖြေမပေး လား။ ဘာဖြစ်လို့ ကိုက်တာလဲလို့ ပြန်မမေးရဘူးလား။ မတော်လို့။ အခုလည်း မတော်လို့ ဖြစ်တာ တော့ မင်းတို့ သည်းခံဦးမှပေါ့။ အဲလို ရေလည် ပတ်လည်ပြောတော့ ပြန်ပြီးတော့ မပေါင်းမိဘူး လား။ ပေါင်းမိတယ်နော်။

အဲဒီ အမျိုးသမီးနဲ့အမျိုးသားမှာ တကယ်သာ မုန်းစရာပါရင် ပြန်ပေါင်းလို့ ဖြစ်ပါ့မလား။ မုန်းစရာပါသလား မပါဘူးလား။ မုန်းစရာ မပါဘူး။ မုန်းစရာပါရင် ဘယ်ပြန်စေ့စပ်လို့ရပါမလဲ။ စေ့စပ်လို့ရတာ ဒါ ပြေလို့ပေါ့။ မုန်းစရာပါရင် ဘယ်တော့မှ ပေါင်းလို့ရမလဲ။ မုန်းစရာ မပါဘူး။ အမျိုးသမီးနဲ့ အမျိုးသားလေးမှာ တကယ်သာ ချစ်စရာပါရင်လည်းဘယ်တော့မှ ရန်မတွေ့ဘူး။ ရန်တွေ့ပါမလား။ ချစ်စရာ မပါတာလည်း ယုံကြည်ဖို့ မကောင်းလား။ မုန်းစရာမပါတာလည်း ယုံကြည်ဖို့ မကောင်းလား။ မြတ်စွာဘုရား ဘယ်လိုဟောတာလဲ ဥပက္ခာဝေဒနာ မျက်စိမှာပေါ်သည် ဟော၊မဟော။ ဟောတယ်နော်။ကဲ ချစ်စရာပါရဲ့လား။ မုန်းစရာ ပါရဲ့လား။ မပါဘူး။ စဉ်းစားဖို့ မကောင်းလား။ သောမနဿဝေဒနာ စိတ်မှာပေါ်သည်။ ဒေါမနဿဝေဒနာ စိတ်မှာပေါ်သည်။

26.5.2005,(8:00am)15

မပဟောဘူးလား။ ကိုယ့်စိတ်မှာ ဖြစ်တာပါလားကွဲ့။ အဲဒီစိတ်ကို မြင်အောင် လေ့လာကြ ကြားလား။ စဉ်းစားဖို့ မကောင်းလား။ လေ့လာဖို့လိုတယ်နော်။

ဒီလိုဆိုတော့ နလုံးသွင်းမှားနေတာပေ့ါဟဲ့။ မုန်းတယ်ဆိုတာ နလုံးသွင်း မှားတာဗျ။ ချစ်တယ်ဆိုတာ နလုံးသွင်းမှားတာ။ အမြင်ခံ ထဲမှာ ချစ်စရာမပါ မုန်းစရာမပါ။ အဆင်းရူပက္ခန္ဓာမှာ ချစ်စရာမပါ အသံရူပက္ခန္ဓာမှာ ချစ်စရာ မုန်းစရာမပါ။ အနံ့ရူပက္ခန္ဓာမှာ ချစ်စရာ မုန်းစရာမပါ။ ချိုချဉ်စပ်ငန်ဖန်ခါး ရသာခြောက်ပါးမှာ ချစ်စရာ မုန်းစရာ မပါ။ ပထဝီဖောဋ္ဌဗ္ဗ၊ တေဇောဖောဋ္ဌဗ္ဗ၊ ဝါယောဖောဋ္ဌဗ္ဗ လည်း ချစ်ခြင်းမုန်းခြင်းလွတ်တာတရား။ဟော သူ့စိတ်မှာဖြစ်တာတွေ။ ဒီလို လေ့လာဖို့မကောင်းလား။ တရား ပျောက်တော့ ကိုယ်မှာရှာ၊ကိုယ်မှာရှာတော့တရားတွေ့တယ်။လို့မဟောဘူးလား။ အဲဒီလို ဉာဏပရိညာနဲ့ သိဖို့လိုတယ်ကြားလား။ စဉ်းစားဖို့မကောင်းလား။ အဲဒါကြောင့် အဖြစ်တရား။ ကဲအဖြစ်တရားသိတော့ ပင်ကိုယ်က ရှိနင့်တဲ့တရား ဟုတ်ကဲ့လား။ ရုပ်နစ်ခုတိုက်မှ ပေါ်တာ။

ဒါ အဖြစ်တရားသိတော့ ဘာများအကျိုးရှိသလဲ ပြန်စိစစ်ဖို့မကောင်းဘူးလား။ အသက်ရှိတယ်လို့ ယူတဲ့အယူ မစွန့်ဘူးလား။ လူရှိတယ်လို့ ယူတဲ့အယူ မစွန့်ဘူးလား။ လိပ်ပြာရှိတယ်လို့ ယူတဲ့အယူ မစွန့်ဘူးလား။ အသက်ရှိတယ်လူရှိတယ် နတ်ရှိတယ် ပြဟ္မာရှိတယ် လိပ်ပြာရှိတယ်စွန့်တယ်နော်။ စွန့်ဖို့မလိုဘူးလား။ ကဲ စွန့်သွားပြီ။ အဲတော့ အဲဒီလို ယူဆတဲ့အတွက် လူသေတဲ့အခါ အိပ်ယာ ဖျက်တဲ့ သက်ပျောက်တဲ့ ရက်လည်တဲ့ မလုပ်ကြဘူးလား။ အဲဒါအစွဲဉပါဒါန်နဲ့ လုပ်တာဗျာ့။ ကုသိုလ်က တော့ ဘုရားအဆူဆူ ဒါနကုသိုလ် သီလကုသိုလ် ပယ်ရဲ့လား။ မပယ်ဘူးနော်။ မပယ်ရင် ကုသိုလ်ကတော့ မလုပ်ရဘူးလား။ လုပ်ရမယ်။သေသူကို မစွဲနဲ့။ မိမိက ကုသိုလ်လုပ်။ ကျောင်းတိုက်တွေမှာ ဘာတွေလိုသလဲ။ ဟော ရဟန်းတွေက နေစရာ အဆောက်အဦးလိုတယ်။ မတတ်နိုင်ရင် အပေါင်းအဖော်ညှိပြီးကာမှ နည်းများမဆို စုဝေးပြီးတော့ လုပ်ကြရတယ်။ သင်္ကန်းတွေ လိုတယ်။ မိမိကဆွမ်းကွမ်းကိစ္စ မပြည့်စုံဘူး။ ဆေးဝါးဓာတ်စာ မပြည့်စုံဘူး။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး အဲတော့ တစ်ခုတစ်ခုကို ကပ်ပြီး လှူပြီးတော့မှ အမျှပေးရင် မဖြစ်ဘူးလား။ ဖြစ်တယ် နော်။ အဲဒီလိုတွေ အသိလေး ပြောင်းပေးဖို့ မလိုဘူးလား ဟေ့။ လိုတယ်ဗျာ့။

ကဲ ဒါတော့ အဖြစ်တရားသိတဲ့အတွက် အသက်ရှိတယ် လိပ်ပြာရှိတယ် လူရှိတယ် နတ်ရှိတယ် ပြဟ္မာရှိတယ် ယူတဲ့အယူ မစွန့်ဘူးလား။ ဒိဋ္ဌိ မပြုတ်ဘူးလား။ ပြုတ်တယ်။ ဖြစ်ပြီးရင်ကား မပျက်လား။ အပျက်ကိုသိတော့ ခိုင်တယ်မြဲတယ်လို့ယူဦးမလား။ သဿတဒိဋ္ဌိ မပြုတ်ဘူးလား။ နောက်ခန္ဓာ အစားထိုးတာ သိတော့လည်း ဘဝပြတ်တယ်လို့ ယူဦးမလား။ ဉစ္ဆေဒ မပြုတ်ဘူးလား။ ခန္ဓာ ခန္ဓာမုန်းသိရင် သက္ကာယဒိဋ္ဌိမပြုတ်ဘူးလား။ သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိပြုတ်ရင်

သောတာပန်လို့ မဟောဘူးလား။ သောတာပန်ဖြစ်ရင် ချမ်းသာစစ်ကို ရပြီကွဲ့နော်။ စဉ်းစားဖို့ မကောင်းလား။

<u>တရားသိတဲ့သူဌေး တရားမသိတဲ့သူဌေး ။</u>

ဘယ်လိုတွေ ချမ်းသာသလဲ  စိစစ်ဖို့ မကောင်းလား။ တရား သိတဲ့သူဌေး၊ တရား မသိတဲ့သူဌေး ရွာတစ်ရွာမှာ ပေါ့နော်။ အိမ်ခြေက လေးငါးခြောက်ရာရှိတယ်။ ရွာအနေနဲ့ သူဌေးပေါ့။ တရားသိတဲ့ သူဌေး တရားမသိတဲ့ သူဌေး မိုးခေါင်ရေရှားတဲ့အခါ သူခိုးတွေ မပူဘူးလား။ သူခိုးတွေ မထဘူးလား။ ဓားပြတွေ မထဘူးလား။ ထတယ်။ ကဲ ဓားပြထတယ် သူခိုးတွေ ခိုးတယ်။ တသုတ် တသုတ်မှာ လူ ငါးဆယ်လောက် ရှိတယ် လက်နက်ကိုယ်စီ။ ဘယ်မှာ ဓားပြတွေ ဝင်တယ်တဲ့ တိုက်တယ်တဲ့ ဆိုတော့ တရားမသိတဲ့ သူဌေးက စိတ်ချမ်းသာမလား ဆင်းရဲမလား။ နို့မို့ လူတွေ ကတော့ သူဌေး ချမ်းသာတယ်လို့ ပြောတာကွဲ့။စားစရာ သူ့မှာ အစုံအလင်ရှိတာနော်။ ဟော ဝက်သားတွေက နပ်ထားတာ တစ်လစာ။ ကြက်ပေါင်ကြော်တွေ ငါးကြီးကြော်တွေ မရှိဘူးလား။ ဆီဦး ထောပတ်တွေ မရှိဘူးလား။ ပဲကို အစားစား ဟော့။ ကြားလား။ အဲ အမျိုးမျိုးတွေ။ စားစရာ သောက်စရာတွေက လည်း စုံနေတာပေါ့။ စားသာ စားရတယ် မြိန်မြိန်ယှက်ယှက် ဖြစ်ကဲ့လား။ ကျီးလန့်စာစား။ ဘယ်အချိန်များ ဝင်မလဲ တထိတ်ထိတ်နဲ့။ ညအိပ်တော့ ခွေးဟောင်တော့ကော အိပ်ပျော်ပါ့မလား။ တထိတ်ထိတ်နဲ့ ချမ်းသာတယ်လို့ မပြောကြလား။ နင်တို့က ဆင်းရဲတာမသိ။ သူ့စိတ်ကိုက ပူနေတာ။

ဘွားကနဲ ဓားပြတွေက ရောက်လာတယ်။ မလှုပ်နဲ့ဆို မလှုပ်ရဲဘူး။ ပေး မင်းမှာ ငွေကဘယ်လောက် ရွှေက ဘယ်လောက် ဆီ ဆန်ဆား ဘယ်လောက် စာရင်းအင်းနဲ့ တောင်းတာ။ ကျုပ်ဒီလောက် မရှိပါဘူး ခင်ဗျာ။ မပြောရဘူးလား။ အဲ ဒီလူ မှန်မှန်မပြောဘူး စကောကြီး ယူခဲ့ဟော့။ အလယ်က ဖောက် စွပ်စမ်း။ လည်ပင်းကို လှည့်လိုက်စမ်း။ ဟော လှေကားအောက်မှာ မြှုပ်ထားတာက ဘယ်နှစ်လုံး အုန်းပင်အောက်မှာ မြှုပ်ထားတာက ဘယ်နှစ်လုံးဖော်ပေးရတယ်။ ရွှေငွေ ကျောက်သံ …. သူဌေးမှာရှိတဲ့ ရွှေငွေ ကျောက်သံပတ္တမြားတွေ အဲဒါ ဘုံဆိုင်ပစ္စည်း။ သားမယားကျေးကျွန် ရွှေငွေ ပတ္တမြားတွေက ဘုံဆိုင် ကြားလား။ အဲဒီ ဘုံဆိုင် ပစ္စည်းတွေ ဓားပြတွေက ထမ်းသွား တော့တာ။

သူဌေးကြီးမှာ ဘာတွေ ကျန်ရစ်တာလဲ လို့စိစစ်ဖို့ မကောင်းလား။ အကုသိုလ်တွေ မကျန်ရစ်ဘူး လား။ ကျေနပ်ပါမလား။ မကျေနပ်ဘူး ။ အခွင့်အရေး သာတဲ့အခါ အစိုးရ တိုင်မယ်။ကဲ သူ့မှာ အမှတ် သင်္ကေတတွေ ပြုရတယ်နော်။ အဲဒီလို တနွေးနွေးနဲ့ စိတ် ဆင်းရဲနေတာ ဖွဲမီး

လောင်သလိုကွဲ့။ ကြားလား။ ဘုံဆိုင် ပစ္စည်းတွေက ဓားပြတွေ ယူသွားပြီးပြီ။ သူဌေးကြီးမှာ ကိုယ်ပိုင် အကုသိုလ်တွေ ကျန်ရစ်တော့တာ ဗျာ။ စဉ်းစားဖို့ မကောင်းလား။ ဒါ တရား သိလို့လား မသိလို့ လား။ မသိတာပေါ့။ ဘယ်လောက်များ နစ်နာသလဲကွဲ့ နော်။

တရားသိတဲ့ သူဌေးက တို့ဆီလာရင်တော့ကာပေးမယ်တဲ့ ကြားလား။ ပေးမယ်တဲ့ ပေးမယ်ဆို ကတည်းက ဒါ အကုသိုလ်လား ကုသိုလ်လား။ ဟော တရားသိတာကွဲ့။ နောက်တော့ ရောက်လာပြီ။ ဓားပြတွေက။ မလှုပ်နဲ့ မလှုပ်ရဲဘူး။ မလှုပ်ရဲဘူး။ အမောင်တို့ စကားလေး သုံးလေးခွန်း ပြောခွင့်ပေးပါ။ ပြောပါပြောပါ။ မင်းတို့ဓားပြ တိုက်တာတွေ ခိုးတာတွေက ဘာကြောင့် တိုက်တာလဲ ဘာကြောင့် ခိုးတာလဲ မမေးရဘူးလား။ မိုးခေါင်ရေရှားလို့ အသက်ကို အသေ မခံရဲလို့ အငတ် မခံရဲတာနဲ့ အဲဒါကြောင့် ဓားပြ တိုက်တာပါ ဦးရယ်လို့ မပြောရဘူးလား။ ဒီလိုဆိုတော့ မင်းတို့ကို ကျေနပ်အောင် ပေးမယ်လို့ စကားလေး ခင်းလိုက်တော့ သူတို့ စိတ်ထဲမှာ မကျေနပ်ဘူးလား။ ရာဇဝတ်မှု လွတ်သွားတာ ကိုးကွဲ့။ မကျေနပ်ဘူးလား ဟဲ့။ ရာဇဝတ်မှု လွတ်သွား တော့တာ ဗျာ။ ပေးမယ်တဲ့ နော်။

ကဲ မင်းတို့ ရုတ်တရက်သာ ထမ်းမယ်ဆိုရင် ပိဿာ နစ်ဆယ် နိုင်တဲ့သူက ဆယ့်ငါးပိဿာ သာနိုင်မှာ။ အဲတော့ကာ မင်းတို့ ထမ်းနိုင်အောင်။ ဟော လက်ဘက်ရည် ရေနွေး ဆူပြီးသား ရှိတယ် တည်ထားပြီးသား။ ဟိုမှာ ရွှေဖီမိုးလွတ် လွှက်ခြောက်ရှိတယ်။ ကြံသကာရှိတယ် မြေပဲယိုရှိတယ် လက်ဖက်ရှိတယ် ဇယန်းလက်ဖက် ကြက်သွန်ကြော်တွေ အုန်းဆံကြော်တွေ ထည့် သုတ်စမ်း... စား။ ဟိုမှာ ထမင်းချက်တဲ့လူက ချက် ဟင်းချက်တဲ့လူက ချက် ဟော ပဲကြီးတွေရှိတယ် မင်း ကုလားပဲ ကြိုက်တာလား။ အင်း- ပဲကြီး ကြိုက်တာလား ပဲစင်းငုံ ကြိုက်တာလား။ ချက်စား ဟိုမှာ ပဲဖြူလည်း ရှိတယ်။ မင်း ကြိုက်သလို။ ဆန်က ပေါ်ဆန်မွှေးရှိတယ် ကေချွဲဆန်ရှိတယ်။ တောင်ထိပ်ပန်း ကြိုက်လား။ ကြိုက်တဲ့ ဆန်ယူပေါ့ လို့ မပြောရဘူးလား။ ကဲ မင်းတို့ ကြိုက်တာ ချက်စား။ ဟော ဥယျာဉ်ထဲမှာတော့ ဂေါ်ဖီထုပ်ရှိတယ် ပန်းမုန်လာရှိတယ် ဆလပ်ရှိတယ် မုန်ညှင်း ရှိတယ် အစားစားကြားလား။ နံနံတွေရှိတယ် စုံလို့ပေါ့။ကြက်သွန်တွေရှိတယ်။ မင်းတို့ကြိုက်တာ ချက်စား။မပြောရဘူးလား။ တပြုံးပြုံးနဲ့ နေတော့တာကွဲ့။ ကဲ အကုသိုလ်လား ကုသိုလ်လား။ ကုသိုလ်ကွဲ့ ကုသိုလ်။

အဲ စားသောက်ပြီးတော့ အဲဒါက ရွှေကွဲ့ ငွေကွဲ့ အဲဒါက ဆန်ကွဲ့ ဆီကွဲ့ လို့မပြောရဘူးလား။ ကဲ ကြိုက်သလောက်ယူ မပြောရဘူးလား။ ဒီတော့ကာ စားသုံးပြီးတော့ကာ ပြုံးပြုံး ပြုံးပြုံးနဲ့ ကဲမင်းတို့ ကြိုက်သလောက် ထမ်းကြ။ ဗိုလ်က ငါးယောက် ဓားမြတွေက ငါးဆယ်။ အဲဒါ ငါးဆယ်မှာ

26.5.2005,(8:00am)18

ဗိုလ်ငါးယောက်။ ကိုယ့်အပေါ်မှာ ဒီလောက်စေတနာကောင်းနေတာ ကဲရှေ့က လူ တစ်ယောက်ကို သုံးပိသသာ။ လူပေါင်းငါးဆယ် တစ်ယောက်ကို သုံးပိသသာ ငွေကတစ်ယောက်ကို ငါးသိန်း။ ဆန်ကတော့ မခိုမကပ်ထမ်းကြပေ့ါ။တစ်တင်းနိုင်တဲ့လူက တစ်တင်း၊ ငါးစိတ်နိုင်တဲ့လူက ငါးစိတ်။ သုံးစိတ်နိုင်တဲ့လူက သုံးစိတ်။ တစ်ခွဲနိုင်တဲ့လူက တစ်ခွဲ။ အဲဒီ ဆန်တွေ မစား မင်းတို့ငါတို့ အကုန် သေမှာ။ အခုပေးတဲ့ ရွှေတွေ ငွေတွေက စားလို့မရဘူးပေ့ါ။ အမောင်တို့ စကားလေး နည်းနည်း ကျန်တာပြောပါရစေ။ ပြောပါ ဦးရယ် ပြောပါ။ဒီနေ့ကစလို့ မင်းတို့ တောင်သူ လုပ်မယ်ဆို ရင် အရင်းရပြီ။ ကုန်သည်လုပ်မယ်ဆိုရင် အရင်းရပြီ။ဒီနေ့ကစ ငါးပါးသီလ မကြောင် မကျား မကျိုး မပေါက်အောင် ထိန်းစေချင်တယ်လို့ မပြောရ ဘူးလား။ ဦးပြောတဲ့အတိုင်းကို လိုက်နာပါမယ်။ အဲတော့ ပါဏာတိပါတာအစ သုရာမေရယအဆုံး သူဌေးကြီးက တိုင်တန်း မပေးဘူးလား။ သုရာမေရယ ကျတဲ့ အခါ အာမဘန္တေလို့ ဝန်မခံလား။ လူသာစုခေါ် နတ်သာစုခေါ်ဖျာ။ ကြားလား။ ကဲဓားပြတွေ လည်းပဲ သူပြောတဲ့ အတိုင်း လိမ္မာ မသွားပေဘူးလား။ ကဲသူဌေးကြီးမှာ မီးလောင်ရင် ကုသိုလ်ရချင်မှ ရမှာ။ ဓားပြတွေမှာ ကုသိုလ်တွေ မဖြစ်ဘူးလား။ တရား သိတဲ့ သူဌေးနဲ့ တရား မသိတဲ့ သူဌေး မခြားနားဘူးလား။ အဲဒီလို လေ့လာဖို့ လိုတယ်နော်။ အဲဒါ လိုရင်းချက်တွေ ကြားလား။

ကဲအခု ဘုန်းကြီး ပြောတာ မြင်တာလား ကြားတာလား။ ကြားတယ်ဆိုတာ နားအကြည်ရှိလို့ပေ့ါ။ အာရုံဆိုတဲ့ သဒ္ဒါရုံမတိုက်လား။ကြားသိစိတ်လေး မပေါ်လား။ လူလား ကြားသိစိတ်လား။ တစ်ဝိညာဏ်တည်း ကြားသိလို့ဖြစ်ရဲ့လား။ မဖြစ်ရင် သူနဲ့သဟဇာတဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား။ အသံလို့ ခံစားတာ လူ၊ နတ်၊ ဗြဟ္မာလား ဝေဒနာလား။ လူ၊ နတ်၊ ဗြဟ္မာလား ဝေဒနာလား။ ခံစားတာ ဝေဒနာနော်။ အသံလို့ မှတ်တာ လူ၊ နတ်၊ ဗြဟ္မာလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာလား။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ ကြားသိစိတ် ဖြစ်တာပေ့ါ။ လူ၊ နတ်၊ ဗြဟ္မာလား နာမက္ခန္ဓာ လေးပါးလား။ သောတအကြည်က လူ၊ နတ်၊ ဗြဟ္မာ ဟုတ်ကဲ့လား။ အသံက လူ၊ နတ်၊ ဗြဟ္မာဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ ကြည့်လိုက်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း။ ခန္ဓာငါးပါး။ လူလား ခန္ဓာငါးပါးလား။ နတ်လား ခန္ဓာငါးပါး လား။ ဗြဟ္မာလား ခန္ဓာငါးပါး လား။ အဲဒါစာထဲကလား ခန္ဓာကပြတာလား။ သက္ကာယလို့ မဟောဘူးလား။ ကဲ လူစွဲဒိဋ္ဌိ နတ်စွဲဒိဋ္ဌိ ဗြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိပြုတ်ရင်

26.5.2005,(8:00am)19

ပြဟ္မာကြီး လေးဦးက ဖန်ဆင်းတယ် ထာဝရဘုရား ဖန်ဆင်းတယ် ဗိဿနိုးနတ် ဖန်ဆင်းတယ် ယုံမလား။ ဝိစိကိစ္ဆာ မချုပ်ဘူးလား။ အသိနဲ့ပြုတ်ရင် စူဠသောတာပန်ပေါ့။

ကဲ အဲဒီတော့ ခန္ဓာငါးပါး ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီးတော့ မပျက်လား။ စေတနာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ခန္ဓာငါးပါး တွေ့သလား မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ သိတာ မဂ္ဂလို့ မပြောဘူးလား။ အနိစ္စလက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တလက္ခဏာ ဒုက္ခသစ္စာ။ သိတာ သိတော့ ပယ်တယ်လို့မပြောဘူးလား။ အဲဒီလိုသိတော့ကာ လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာချမ်းသာလို့ နှလုံးသွင်းမှားတဲ့ အဝိဇ္ဇာ ရှိသေးရဲ့လား။ အရင်းလဲ တော့ အဖျား ထင်းဖြစ်တယ်လို့ မပြောဘူးလား။ အဝိဇ္ဇာချုပ်တော့ တဏှာ လာသေးရဲ့လား။ ဉပါဒါန် လာသေးရဲ့လား။ မလာဘဲနဲ့ ချုပ်တာ။ ခန္ဓာက ရှိရာက ချုပ်တာနော်။ တဏှာ ဉပါဒါန်က မလာဘဲနဲ့ ချုပ်တာ အနုပ္ပါဒ နိရောဓပေါ့။ ခန္ဓာက ဉပ္ပါဒနိရောဓလို့ မပြောဘူးလား။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ---။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----။(သမုဒယသစ္စာပါဘုရား။) နောက်ခန္ဓာ မလာတာ...။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ် ကွက်ရှိ...။ (လေးကွက်ရှိပါတယ်ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။ ငါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ။ (နှစ်ဆယ်) ဤရှစ်သွယ်ကို.... (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။) သာဓု ခေါ်။

သာဓု သာဓု သာဓု။

........................................................................................................

ဩဝါဒ။ ... ။ စာရွက်ကို လေ့ကျင့်ကြနော်။ ကိုးနာရီကြားလား။ နက်ဖြန်ကို စက်ဝိုင်းလှည့်တဲ့ အခါမှာ။ ဒီက မူလနှစ်ဖြာ ထောက်။ မူလနှစ်ဖြာလို့ ဒီက ဆိုတဲ့လူက ။ တရား အားထုတ်တဲ့လူက အဝိဇ္ဇာနှင့် တဏှာ။ ဒီလို ထွက်ရမှာနော်။ မူလနှစ်ဖြာ အဝိဇ္ဇာနှင့်တဏှာ။ သစ္စာနှစ်ခု၊ သမုဒယသစ္စာ ဒုက္ခသစ္စာ သမုဒယသစ္စာ ဒုက္ခသစ္စာ။ လေးခုအလှာ ဒါ လိုက်ရမှာနော်။ အတိတ်အကြောင်း တစ်လှာ၊ ပစ္စုပ္ပန်အကျိုး တစ်လှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လှာ၊ အနာဂတ် အကျိုးတစ်လှာ။ အင်္ဂါဆယ့်နှစ်ပါး တောက်လျှောက်။ နောက်ကို စာအုပ်ထဲမှာ ကြည့်။ကြားလား။ဒါ ထောက်တာ အကွက်ကျ သွားအောင် လိုတယ်။အရပ်သားတွေ ဇာတ်ကတဲ့အခါ ဇာတ်တိုက်ရတယ်။ ကရတယ်။

26.5.2005,(8:00am)20

ပွဲပြချင်တာကိုး။ အဲဒီအခါတော့ ဘယ်ရက်မှာ ဆွမ်းတော်ကြီးကပ် ရှိတယ်။ဘယ်ဆီမှာဘုရားပွဲ ရှိတယ်။ အစရပ်ဇာတ်။အဲဒါ ဇာတ်ကို ညီကာမှ ကရတာဗျ။

အဲတော့ လေ့ကျင့်ကြဦး။ ကြားလား။ စဉ်းစားဖို့ မကောင်းလား။ နှုတ်တက် ဆောင်နိုင်မှာဆို ပရိယတ္တိ သာသနာ ပို့ဆောင်ရာသည် ရောက်တာပေါ့။ ပြောတဲ့ ဆိုတဲ့အတိုင်း လေ့ကျင့်တာက ပဋိပတ်ပေါ့။ အဲလို လေ့လာရမယ်နော်။